ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

နေပြည်တော်

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| **စဉ်** | **ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်)** | **ခန့်ထားမည့် ဦးရေ** | **ပညာအရည်အချင်း** |
|---|---|---|---|
| က | စာရင်းကိုင် (၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၁) နေရာ<br>(ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ<br>(စီးပွားရေးဘွဲ့ ရရှိသူများ ဦးစားပေးမည်) |
| ခ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၄) နေရာ<br>(ကျား/ မ) | ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရရှိသူ<br>(သို့မဟုတ်) နည်းပညာတက္ကသိုလ်မှ<br>ကွန်ပျူတာ ဘာသာရပ်ဆိုင်ရာဘွဲ့ရရှိသူ |
| ဂ | စစ်ဆေးရေးမှူး(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၅) နေရာ<br>(ကျား/ မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ<br>B.E (Mechanical, Electrical, Electronics, Mechatronics, Information Techonology) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

( ခ ) ၁-၁-၂၀၂၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါကအသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) ရွေးချယ်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဦးစားပေးမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( င ) ရွေးချယ်ခြင်းခံရပါကဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး၊ ကွန်ပျူတာဒီပလိုမာ ရရှိထားသူများလည်း လျှောက်ထားနိုင်ပါသည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာ ပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mopf.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော် နှင့် သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်) ရုံးတို့တွင် ရုံးချိန် အတွင်း အခမဲ့လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊နေပြည်တော်သို့ ပေးပို့ရမည်-

(က) ငွေသွင်းချလန်(မူရင်း)၊

( ခ ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့် အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( င ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)၊

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊

( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၆။ စာမေးပွဲဝင်ကြေးကျပ်(၁၀၀၀/-)(ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီး ဌာန၊ ငွေစာရင်းအမှတ်၊ MD–010970 သို့ ပေးသွင်းရပါမည်။

၇။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂ – D)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၇–၂–၂၀၂၅ ရက်(သောကြာနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့ လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ် အရည် အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၈။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၅)ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့ဖြင့်သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၇–၂–၂၀၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ဤဦးစီး ဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားကို ၁၃–၂–၂၀၂၅ ရက်(ကြာသပတေးနေ့) မှ ၁၄–၂–၂၀၂၅ ရက် (သောကြာ နေ့)အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂– D)၊ နေပြည်တော် တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၁၅–၂–၂၀၂၅ ရက် (စနေနေ့) နှင့် ၁၆–၂–၂၀၂၅ ရက် (တနင်္ဂနွေနေ့) တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဖြေဆို ရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ **မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ** တို့ ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းနှင့်လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာ ကျွမ်းကျင်မှု စစ်ဆေးခြင်း ပြုလုပ်မည့်ရက်ကို www.mopf.gov.mm Website တွင် ထုတ်ပြန် ကြေညာသွားမည် ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂– D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇–၃၄၀၆၃၂၂၊ ၀၆၇–၃၄၀၆၁၁၆၊ ၀၆၇–၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။